ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီ၏ အရပ်သားများအပေါ် အကြမ်းဖက်မှုများ

## ၂၀၂၁ ခုနှစ် အောက်တိုဘာ (၇) ရက် မှ နိုဝင်ဘာ (၆) ရက် အထိ

### ၂၀၂၁ အောက်တိုဘာလ ၇ ရက်

- ကရင်နီပြည်၊ ဖရူဆိုမြို့နယ်၊ ထီးပေါ်ဆိုရွာသား (၁)ဦးအား စကစတပ်သားများမှ အကြောင်းမဲ့ပစ်သတ်ခဲ့သည်။ စစ်ကောင်စီ၏ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကရင်နီပြည်အတွင်း အရပ်သားပြည်သူ (၈၀) ဝန်းကျင်သေဆုံးခဲ့သည်။
- ကရင်နီပြည်၊လွိုင်ကော်မြို့တွင် စစ်ကောင်စီတပ်၏ လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်မှုကြောင့် လွိုင်ကော်မြို့ပေါ်တွင် ဒေသခံတစ်ဦးသေဆုံးကာ အသက်မပြည့်သေးသူ လူငယ်(၂)ဦး အပါအဝင် (၇)ဦး ထိခိုက် ဒဏ်ရာရခဲ့သည်။
- စစ်ကိုင်းတိုင်း၊ဒီပဲယင်းမြို့နှင့်(၁၀)မိုင်ခန့်အကွာရှိ တိုင်နက်ကျေးရွာအုပ်စုအတွင်းမှ ရွာသုံးရွာကို စစ်ကောင်စီတပ်သားအင်အား(၅၀)ကျော်ဖြင့် စစ်ဆင်ရေးသဖွယ်အကြိမ်ကြိမ် ဝင်ရောက်မွှေနှောက်ကာ ပြည်သူ့အိုးအိမ် ပစ္စည်းများဖျက်ဆီးလျက်ရှိကြောင်းသိရသည်။ တိုင်နက်ကျေးရွာအုပ်စုတွင် တိုင်နက်ကျေးရွာ၊ မြင်းတန့်ကျေး ကျေးရွာ၊ ကျီရွာကုန်းကျေးရွာတို့ပါဝင်သည်။
- စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊မင်းတန်းရွာကို စစ်ကောင်စီတပ်ဖွဲ့များ ဝင်ရောက်မီးရှို့ခဲ့ပြီး မီးလာငြိမ်းသည့် ပြည်သူ (၃) ဦးကို စစ်တပ်က ပစ်သတ်ခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၈ ရက်

- ကချင်ပြည်၊ဟူးကောင်း-လီဒိုလမ်းမပေါ်တွင် သွားလာနေသော စစ်ကောင်စီတပ်များသည် ၎င်းတို့ စစ်ကြောင်း တိုက်ခိုက်မှုမခံရအောင် နောင်းမီကျေးရွာမှ လူငယ် (၁) ဦးကို ပြန်ပေးဆွဲကာ ရှဒူးဇွပ်မှ ဒွမ်ဘန်အထိ ဖြတ်ကျော်သွားကြောင်း သိရသည်။
- စစ်ကိုင်းတိုင်း၊ကလေးမြို့နယ်၊ချောင်းခွကျေးရွာက ရွာသားများပုန်းခိုနေတဲ့ ချောင်းခွနှစ်ခြင်း ဘုရားကျောင်းဝန်း အတွင်းသို့ စစ်ကောင်စီမှ ဗုံးတစ်လုံးပစ်ပေါက်ခွဲခဲ့သည်။
- စစ်ကိုင်းတိုင်း၊ကလေးမြို့အနီးရှိ သာယာကုန်းရွာက လူအိမ်(၄)လုံးကို စစ်ကောင်စီတပ်သားများ မီးရှို့ဖျက်ဆီးခဲ့ပြီး ရွာသား (၃) ဦးအား ဖမ်းဆီးခဲ့သည်။
- စစ်ကိုင်းတိုင်း၊ရေဦးမြို့နယ်ရှိ သောင်ပြင်ငယ်ရွာကို စစ်ကစတပ်သားများ စီးနင်းပစ်ခတ်ခဲ့မှုကြောင့် ရွာသား (၂) ဦး သေဆုံးခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၉ ရက်

- ကရင်နီပြည်၊ ဒီးမော့ဆိုမြို့နယ်၊ စံပြ(၆) မိုင် ကျေးရွာတွင် စစ်ကောင်စီတပ်များနှင့် KNDF တပ်ဖွဲ့များ ထိတွေ့တိုက်ပွဲ(၅)မိနစ်ခန့်ဖြစ်ပွားပြီး စစ်ကောင်စီဘက်မှ အနည်းဆုံး(၂)ဦး ဒဏ်ရာရပြီး ဆုတ်ခွာ သွားခဲ့သည်။စံပြ(၆)မိုင်ကျေးရွာတိုက်ပွဲအပြီးတွင် ရိက္ခာပြန်ယူသောရွာသား(၂)ဦးအား စစ်ကောင်စီ တပ်ဖွဲ့ဝင်(၁၀)ဦးခန့်မှ အကြောင်းမဲ့ဖမ်းဆီးပြီး(၁)ဦးအား နေရာတွင်ပစ်သတ်ခဲ့သဖြင့် နယ်မြေ ရှင်းလင်းရေးလုပ်ဆောင်နေသောKNDFတပ်ဖွဲ့များမှ တွေ့မြင်ကာလိုက်လံပစ်ခတ်သဖြင့် စစ်ကောင်စီ ဘက်မှ (၂) ဦး ဒဏ်ရာရကာ ပြန်လည်ဆုတ်ခွာ သွားခြင်းဖြစ်သည်။
- ကချင်ပြည်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ၊ မိုင်းနောင်ရွာအနီးဝန်းကျင်သို့ မနက်(၁၁) နာရီခွဲခန့်က စစ်ကောင်စီက ဂျက်လေယာဉ်နှစ်စင်းဖြင့် (၄) ကြိမ်ထက်မနည်း ဗုံးကျဲခဲ့သည်။
- စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့ ပြည်သူ (၁၇) ဦးဖမ်းခံရပြီး အငယ်ဆုံး (၁၀) နှစ်အရွယ် ကလေး (၁) ဦးပါဝင်ခဲ့သည်။
- တနင်္သာရီတိုင်း၊ သရက်ချောင်း၊ စော်ဖျားရွာတွင် ပျူစောထီးများက ၎င်းတို့အလိုရှိသည့် ပြည်သူ(၁) ဦးကို ဖမ်းမမိ၍ ဇနီးနှင့် (၂) နှစ်အရွယ်၊ ၆နှစ်အရွယ် သားသမီးငယ်များကို ဓားစာခံအဖြစ် ဖမ်းဆီးသွားခဲ့သည်။
- မန္တလေးတိုင်း၊မတ္တရာမြို့တွင် NLDထောက်ခံသူကျူ ရှင်ဆရာဦးသိန်းဇော်ကို စကစတပ်က ဖမ်းဆီး ပစ်သတ်ပြီး အလောင်းစွန့်ပစ်ခဲ့သည်။
- ပဲခူးတိုင်း၊ တောင်ငူမြို့မှ ရွှေဆံတော်ဘုရားဂေါပက အဖွဲ့ဝင် ဦးစန်းကြည်ကို စစ်ကောင်စီက ဖမ်းဆီးပြီး နာရီဝက်အတွင်း သတ်ပစ်ခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၁၀ ရက်

- စစ်ကိုင်းတိုင်း၊ ရေဦးမြို့၊ တောင်ပြင်ငယ်ကျေးရွာကို စစ်ကောင်စီက အကြမ်းဖက်ဝင်ရောက်ရှာဖွေခဲ့ပြီး PDF လူငယ် (၂) ယောက်ကို မီးရှို့သတ်ဖြတ်ခဲ့သည်။
- စစ်ကိုင်းတိုင်း၊ပင်လည်ဘူးမြို့နယ်၊ဝမ်းဘဲအင်းရွာရှိ ဦးတင်ဖေ၏ နေအိမ်၊ဈေးဆိုင်နှင့် ဦးမြင့်ကျော် (ကနီအုပ်စုCDMအုပ်မှူး)နေအိမ်တို့အား အကြမ်းဖက်(၃၃)တပ်မ လက်အောက်ခံ စစ်ကောင်စီတပ်များက ဖျက်ဆီးခဲ့ကြပြီး အခြားကျေးရွာရှိ ပြည်သူပိုင်အိမ်များကို ဖျက်ဆီးခဲ့သည်။
- မန္တလေးတိုင်း၊မြင်းခြံမြို့ရှိ ပစ္စည်းဟောင်းဝယ်ရောင်းသည့်ဆိုင်တစ်ဆိုင်မှ အလုပ်သမားတစ်ယောက်သည် ပျူစောထီးများ၏ ရိုက်ခံရပြီးနောက် ယမန်နေ့နံနက်က သေဆုံးသွားကြောင်းသိရသည်။
- စစ်ကောင်စီနှင့်BGF-၁၀၁၄ပူးပေါင်းတပ်ဖွဲ့က ကရင်ပြည်၊ဘားအံမြို့နယ်၊ တကောင်ဘိုးကျေးနယ် အုပ်စု၊မီးပုံးကျေးရွာဘုန်းကြီးကျောင်းအနီးလမ်းမပေါ်တွင် ရွာသား(၁)ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၁၁ ရက်

- တနင်္သာရီတိုင်း၊ ကော့သောင်းခရိုင် လုံးဖောကျေးရွာတွင် စစ်ကောင်စီမှ ရာဘာအလုပ်သမားများအား ဝင်ရောက် ဖမ်းဆီးပစ်သတ်ခဲ့သည်။
- စစ်ကိုင်းတိုင်း၊ထီးချိုင့်တွင်စစ်ကောင်စီတပ်က အင်အားအလုံးအရင်းဖြင့် လေသာကျေးရွာကိုဝင်စီးခဲ့ပြီး PDF တချို့နှင့် အပြစ်မဲ့ ပြည်သူများကို စကစတပ်သားများကသတ်ဖြတ်ခဲ့သည်။
- စစ်ကိုင်းတိုင်း၊အရာတော် ဒုံဒစ်ကျေးရွာကို အကြမ်းဖက် စစ်ကောင်စီတပ်ဖွဲ့များ ဝင်ရောက်စီးနင်းပြီး ရွာကို မီးရှို့ဖျက်ဆီးခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၁၂ ရက်

- စစ်ကိုင်းတိုင်း၊မြောင်မြို့နယ်၊ဇရပ်ကုန်းကျေးရွာတွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ကျေးရွာအရှေ့ဘက်ရှိကြက်ခြံကို မီးရှို့သွားကြောင်း၊သိုးနှင့်ဆိတ်များကို သေနတ်ဖြင့်ပစ်သတ်၍ ယူဆောင်သွားကြောင်း သိရသည်။
- တနင်္သာရီတိုင်း၊ ကော့သောင်း၊ လုံးဖောရွာတွင် အကြမ်းဖက် စစ်ကောင်စီ တပ်ဖွဲ့များက အသက် ၁၁ နှစ်အရွယ် မောင်သီဟအောင်ကို ပစ်သတ်ပြီး ကျေးရွာသား (၂၀) ဦးကို ရိုက်နှက်ဖမ်းဆီးသွားခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၁၃ ရက်

- ချင်းပြည်၊ဖလမ်းမြို့နှင့်လေးမိုင်ခန့်အကွာကျေးရွာရှိ ဘုရားကျောင်းနှင့်ရွာမှ နေအိမ်လေးလုံးအား စစ်ကောင်စီတပ်က ညနေ ၄ နာရီခန့်အချိန်တွင် မီးရှို့ခဲ့သည်။

- မန္တလေးတိုင်း၊တောင်သာမြို့နယ်၊စံဦးကျေးရွာတွင်နေထိုင်သော NLDပါတီ သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ၏ နေအိမ်အား စစ်ကောင်စီတပ်က ပြာကျသည်အထိ မီးရှို့ဖျက်ဆီးခဲ့သည်။
- စစ်ကိုင်းတိုင်း၊မြောင်မြို့နယ်အတွင်းရှိငမြောင်တောင်ရွာကိုစစ်ကောင်စီတပ်များရောက်လာပြီး တဲအိမ် (၁၀) လုံးအား မီးရှို့ဖျက်ဆီးခဲ့သည်။
- ကရင်နီပြည်၊ဖရူဆိုမြို့နယ်မှာ အကြမ်းဖက်စစ်ကောင်စီတပ်က လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တာကြောင့် ကက်သလစ်ဘုရားကျောင်း ထိမှန်ပျက်စီးခဲ့သည်။
- မန္တလေးတိုင်း၊ကျောက်ပန်းတောင်းမြို့နယ်၊ ပွေးကျစ်ကျေးရွာအနီးရှိ ကန်နီရွာတွင် ရေနံတူးနေသော လူငယ် (၁) ဦးကို စစ်ကောင်စီတပ်များက ပစ်သတ်ခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၁၄ ရက်

- စစ်ကိုင်းတိုင်း၊မင်းကင်းမြို့နယ်၊မြစ်ရိုးအောက်ဒေသ လောင်းပြည့်ကျေးရွာမှ တစ်ဆင့်စကစတပ်သား များတောနင်း၍ သံပေါက်ကျေးရွာသို့ ရောက်ရှိလာခဲ့ပြီး လောင်းပြည့်ကျေးရွာသား(၂) ဦးကို တွေ့ရှိ၍ ပစ်ခတ်သတ်ဖြတ်သွားခဲ့ပြီး လောင်းပြည့်ကျေးရွာသား(၈)ဦးမှာလည်း ပျောက်ဆုံးနေကြောင်း ဒေသခံ များထံမှသိရှိရသည်။
- ချင်းပြည်၊ဖလမ်းမြို့နယ်အတွင်းရှိ ရာလ်သီး(Ralti)ရွာတွင် အိမ်ခြေ(၁၀)လုံးရှိသည့်အနက် အိမ်လေးလုံးနှင့်ဘုရားကျောင်းတစ်ကျောင်းကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ယမန်နေ့ အောက်တိုဘာ ၁၃ရက်တွင် မီးရှို့ ဖျက်ဆီးခဲ့ပြီး ယနေ့တွင် ကျန်ရှိနေသည့် လူနေအိမ် ခြောက်လုံးကို မီးတင်ရှို့ခဲ့သည်။
- ချင်းပြည်၊ဖလမ်းမြို့နှင့်ရှစ်မိုင်ခန့်အကွာ "Thlanrawn"ကျေးရွာအား စစ်ကောင်စီတပ်များက မီးရှို့ ဖျက်ဆီးခဲ့သည်။
- ချင်းပြည်၊ဖလမ်းမြို့ ထင်းရှူးစခန်း (Tuphei) ရွာရှိ အပြစ်မဲ့ပြည်သူနှစ်ဦးအား စကစတပ်သားများက မနေ့ညက ပစ်သတ်သွားကြောင်းသိရသည်။

## ၂၀၂၁ အောက်တိုဘာလ ၁၅ ရက်

- ရန်ကုန်တိုင်း၊ခရမ်းမြို့နယ်တွင် စစ်ကောင်စီမှ အောက်တိုဘာလ ၁၄ရက် ည ၉ နာရီကျော် အချိန်မှစပြီး ခရမ်းမြို့တွင်းနှင့်ကျေးရွာများ၏နေရာအများစုတွင် သေနတ်များပစ်ဖောက်ခဲ့သည်။
- ရှမ်းပြည်၊မိုးကိုးမြို့၊ဖော်ဂျုံးကျေးရွာတွင် နေအိမ်ပြန်လာကြသည့်သည့် စစ်ရှောင်ပြည်သူများအား စစ်ကောင်စီက ဖမ်းဆီးရိုက်နှက်ခဲ့သည်။

- ရောဝတီတိုင်း၊မအူပင်နှင့်အင်္ဂပူမြို့နယ်တို့တွင် တပတ်အတွင်း အဘွားအိုတစ်ဦးအပါအဝင် ပြည်သူ (၆၀) ကျော် ဖမ်းဆီးခံခဲ့ရသည်။
- စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ကန်ချောင်အုပ်စု၊ အောင်မိုးကျေးရွာကို အောက်တိုဘာ ၁၄ ရက်ညက စစ်ကောင်စီတပ်ဖွဲ့များ သေနတ်ပစ်ဖောက်ဝင်လာပြီး ဒေသခံပြည်သူ(၁၀) ဦး ထက်မနည်း ဖမ်းဆီးသွားခဲ့သည်။
- မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကံနက်ကျေးရွာသား (၂)ဦးကို စကစတပ်များမှ ဖမ်းဆီးပြီး နေအိမ်များကို ဖျက်ဆီးသွားခဲ့သည်။
- စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ လောင်းပြည့်ကျေးရွာတွင် ကျေးရွာသားစစ်ဘေးရှောင် ပြည်သူ (၅) ဦးကို စစ်ကောင်စီတပ်များက ပစ်သတ်သွားခဲ့သည်။
- စစ်ကိုင်းတိုင်း၊ခင်ဦးမြို့နယ်၊တိုက်ပွဲဖြစ်စဉ်များတွင် ပြည်သူ(၂၁)ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးထားခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၁၆ ရက်

- ချင်းပြည်၊မတူပီမြို့နယ်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များမှ အသက်(၆) နှစ်အရွယ် ကလေး(၁) ဦးနှင့် အမျိုးသမီး(၁)ဦးကို သေနတ်ဖြင့်ပစ်သတ်ခဲ့ပြီး အခြားအမျိုးသား(၁) ဦးမှာ စစ်ကောင်စီတပ်များ ထောင်ထားသော မိုင်းနင်းမိပြီး သေဆုံးသွားကြောင်း သိရသည်။
- ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ မုပ္ပလွင်ကျေးရွာတွင် မနေ့ည(၁၂) နာရီ အချိန်ခန့်လောက်က စစ်ကောင်စီမှ NLDအဖွဲ့ဝင်ထားသောအိမ်အား တံခါးလာခေါက်၍ မမိုးမိုး(ခ)မခိုင်ခိုင်းစိုးမှ တံခါးဖွင့်ပေးခဲ့ရာ စကစတပ်သားများမှ သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး သေနတ်ဒဏ်ရာဖြင့်ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၁၇ ရက်

- တနင်္သာရီတိုင်း၊သရက်ချောင်းမြို့နယ်၊တောင်ပျောက်တိုင်နယ်တွင် စစ်ကောင်စီတပ်ဖွဲ့များ ရမ်းကားနေသောကြောင့် ကျေးရွာ (၉) ရွာက ပြည်သူ (၅၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။
- စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ် ကျောက်ကာမြောက်ရွာ မှ CDM အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် အမွှာ ဦးကိုကိုဝင်းကို အမည်မသိလူတစ်စုက သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။
- ချင်းပြည်၊ မတူပီမြို့နယ်၊ လောင်ပန်းရပ်ကွက်နေတစ်ဦး ဝါဥခြံသို့အသွား လည်မြို့ချောင်းအနီးတွင် စကစထောင်ထားသော မိုင်းနင်းမိပြီး သေဆုံးခဲ့သည်။
- စစ်ကိုင်းတိုင်း၊စစ်ကိုင်းမြို့နေ အသက်(၂၀)ခန့်မဖြူမာထွန်းခေါ်ဖြူမာကို ကိုPDFနှင့်ဆက်သွယ်သည်ဟု ဆိုကာ စကစများမှ ဖမ်းဆီးသွားခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၁၈ ရက်

- စစ်ကိုင်းတိုင်း၊ခင်ဦးမြို့နယ်၊ရွှေကူတဲစုရွာက ကိုမျိုးဆွေကို PDFဟု စွတ်စွဲကာစစ်တပ်က ဖမ်းဆီး သတ်ဖြတ်ခဲ့သည်။
- စစ်ကောင်စီထောင်ထားသော မြေပြုပ်မိုင်းနင်းမိပြီး ဒီမောဆိုလ် ပြည်သူတစ်ဦး သေဆုံးခဲ့သည်။
- စစ်ကိုင်းတိုင်း၊ဝက်လက်မြို့နယ်၊ပင်းဇင်းကျေးရွာမှ မသန်စွမ်းတစ်ဦးကို စကစလက်အောက်ခံ ရဲတပ်ဖွဲ့က အကြမ်းဖက်ဖမ်းဆီးခဲ့သည်။
- မကွေးတိုင်း၊ ပခုက္ကူမြို့ ရှောင်လမ်းက မြို့ဝင်ဂိတ်အနီးတွင် ခရီးသွားတစ်ဦးကို စစ်ကောင်စီတပ်များက ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။
- စစ်ကိုင်းတိုင်း၊ဆားလင်းကြီးမြို့နယ်၊လက်ခုတ်ပင်ရွာက ဆန္ဒပြသူအမျိုးသမီးအိမ်ကို အမည်မသိ လူတစ်ချို့က မီးရှို့ဖျက်ဆီးခဲ့သည်။
- မန္တလေးတိုင်း၊မဟာအောင်မြေမြို့နယ်၊မန္တလေးလူငယ်သပိတ်စစ်ကြောင်းကိုစစ်ကောင်စီက ကားဖြင့် တိုက်ဖြိုခွင်းပြီး သေနတ်များဖြင့် ပစ်ခတ်ရာ (၂၀) ဦးခန့်ဒဏ်ရာရခဲ့သည်။
- တနင်္သာရီတိုင်း၊ထားဝယ်မြို့၊အလယ်ကုန်းကျေးရွာရှိ တရားလွှတ်တော်ရှေ့နေတစ်ဦးအား စစ်ကောင်စီမှ ဝင်ရောက်ဖမ်းဆီးခဲ့သည်။
- ရှမ်းပြည်နယ်၊မူဆယ်မြို့၊တီးမှားကျေးရွာဘက် ဦးတည်ပြီး စကစမှ လက်နက်ကြီး(၁၅)လုံး ပစ်ခတ် ခဲ့သည်။
- တနင်္သာရီတိုင်း၊လောင်းလုံမြို့နယ်၊မောင်းမကန်၊ကျောင်ဆင်ရွာ၊ဘဘော့ဆိမ်ရွာ၊ပြင်ကြီးရွာမှ ပြည်သူ (၉) ဦးကို စစ်ကောင်စီမှ ဖမ်းဆီးခဲ့သည်။
- ပဲခူးတိုင်း၊တောင်ငူမြို့နယ်၊အောင်မင်္ဂလာ(၃)လမ်း၊(၂)ရပ်ကွက် NLDအုပ်ချုပ်ရေးမှူး ဦးသက်လှိုင် အပါအဝင် (၃) ဦး ဖမ်းခံခဲ့ရသည်။
- တနင်္သာရီတိုင်း၊ထားဝယ်မြို့၊ကမြောင်ကင်းတံတားစစ်ဆေးဂိတ်တွင် လူငယ်(၁)ဦးအား စစ်ကောင်စီ က မတရားဖမ်းဆီးသွားခဲ့သည်။
- ချင်းပြည်နယ်၊ဖလမ်းမြို့နယ်တွင်နေအိမ်မီးရှို့ပြီး ဘုရားကျောင်းအတွင်းရှိ ပစ္စည်းများဖျက်ဆီး ခံခဲ့ရသည်။

## ၂၀၂၁ အောက်တိုဘာလ ၁၉ ရက်

- ချင်းပြည်၊မင်းတပ်မြို့၊မိုင်တိုင်(၂၃)တွင်ညအိပ်နားပြီး ပြည်သူများ၏အိုးအိမ်များဖျက်စီးပြီး ဆိုလာပြား များဖြုတ်ယူခြင်း၊နွား(၆)ကောင်ကိုသတ်ကာ ပေါင်သားများကို လှီးယူခဲ့ပြီး ကျန်အစိတ်အပိုင်းများကို ပစ်ထားခဲ့သည်။
- စစ်ကိုင်းတိုင်း၊ကောလင်းမြို့နယ်တွင် စစ်တပ်က ရွာသားများ၏နေအိမ်ကို ဖောက်ထွင်းပြီး ရွှေငွေပစ္စည်းများခိုးယူခဲ့သည်။
- ရခိုင်ပြည်၊မြောက်ဦးမြို့နယ်၊ပန်းမော်ကျေးရွာမှ လူငယ်တစ်ဦးကို PDFနှင့် ဆက်စပ်သည်ဆိုက စကစမှ ဖမ်းဆီးခဲ့သည်။
- စစ်ကောင်စီ၏ဖမ်းဆီးစစ်ဆေးခံနေရသူ လေကြောင်းအင်ဂျင်နီယာ(ကိုမင်းမင်းစိုး) စစ်ကြောရေးဒဏ်ကြောင့် သေဆုံးခဲ့သည်။
- တနင်္သာရီတိုင်း၊ မြိတ်မြို့နယ် NLD ရုံး ဗုံးဖောက်ခွဲခံခဲ့ရသည်။
- မကွေးတိုင်း၊ရေစကြိုကားဂိတ်တွင်ပါဆယ်ထုပ်လာယူသူ(၂)ဦးကို စစ်တပ်က ကြိုးတုပ်ဖမ်းဆီးခဲ့သည်။
- စစ်ကိုင်းတိုင်း၊အရာတော် စကစလေ့ကျင်ရေးတပ်တွင် ပြည်သူတစ်ဦးအား ရိုက်နှက်နှိပ်စက်နေသည့် ဗွီဒီယိုထွက်ပေါ်ခဲ့သည်။
- ချင်းပြည်၊ဖလမ်းမြို့နယ်၊ရမ်ထလိုကျေးရွာတွင် စကစတပ်များမှ လူနေအိမ်အိမ်(၁၀၀)ကျော် ဖောက်ထွင်းပြီး ဆန်၊အိမ်မွေးတိရိစ္ဆာန်ပစ္စည်းများ ခိုးယူဖျက်ဆီးခဲ့သည်။
- ချင်းပြည်၊ဖလမ်း-ဟားခါးလမ်းပေါ် ရှိ ထလန်ရောလ်ရွာ(သစ်)က ဘုရားကျောင်း အပါအဝင် အိမ် (၁၃) လုံးကို စကစတပ်သားများမှ မီးရှို့ဖျက်ဆီးသွားခဲ့သည်။
- ကရင်ပြည်၊ကော့ကရိတ်မြို့နယ်၊ ရွာသစ်ကျေးရွာတွင် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များ စခန်းချပြီး ရွာသား (၅၀)ဦး ခန့်အား ရွာပြင်ပေးမထွက်ခဲ့ကြောင်း သိရသည်။
- အကြမ်းဖက်စစ်ကောင်စီကားတွေက ချင်းပြည်၊ဟားခါးမြို့နယ်ထဲဝင်ပြီး လက်နက်ကြီးနှင့် သေနတ်များ ပစ်ခတ်ခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၂၀ ရက်

- တနင်္သာရီတိုင်း၊ထားဝယ်ခရိုင်၊ရေဖြူမြို့နယ်တွင် စစ်ကောင်စီတပ်မှ ပစ်ခတ်မှုကြောင့် အမျိုးသား တစ်ဦး သေဆုံးပြီး (၅) ဦး ဖမ်းခံခဲ့ရသည်။
- ဧရာဝတီတိုင်း၊ ပုသိမ်မြို့မှာ စစ်တပ်အမာခံသတင်းပေး(၁) ဦး အသတ်ခံရပြီးနောက် စစ်အုပ်စုက ဒေသခံလူငယ်(၃၀)ဦးကျော်ကို ဖမ်းဆီးခဲ့သည်။

- ပဲခူးတိုင်း၊တောင်ငူမြို့က တက္ကသိုလ်ကျောင်းသားတစ်ဦးအပါအဝင် ဒေသခံလူငယ်(၃)ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။
- စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ သစ်ကျင်းကြီးကျေးရွာတွင် NLD အုပ်ချုပ်ရေးမှူးဟောင်းအပါအဝင် ပြည်သူများနေအိမ်များကို စကစမှ မီးရှို့ဖျက်ဆီးခဲ့သည်။
- မကွေးတိုင်း၊ အောင်လံမြို့နယ်တွင် စစ်ကောင်စီတပ်များက ဒေသခံတစ်ဦးကို ပစ်သတ်ပြီး အရပ်သား (၃)ဦး ကို ဖမ်းဆီးသွားခဲ့သည်။
- တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLDရုံးအား မသာမာသူတချို့က ဗုံးဖောက်ခွဲဖျက်ဆီးခဲ့ပြီး အနီးနားရှိ အိမ်(၅)လုံးပါ ပျက်စီးခဲ့ကြောင်းသိရသည်။

## ၂၀၂၁ အောက်တိုဘာလ ၂၁ ရက်

- စစ်ကိုင်းတိုင်း၊ကန့်ဘလူမြို့နယ်၊ကံကြီးတောင်ပိုင်းတွင် လက်နက်များရှိသည်ဟုဆိုကာ ပြည်သူ(၂)ဦး ကို ဖမ်းဆီးပြီး ချပ်သင်းကျေးရွာ အနီးတွင် အဆိုပါပြည်သူ (၂) ဦး ကို ပစ်သတ်သွားကြောင်းသိရသည်။
- ပဲခူးတိုင်း၊ ပြည်မြို့တွင် ဖခင်နာရေးလိုက်ပို့ရာမှ လူ(၃) ဦး ဖမ်းဆီးခံခဲ့ရသည်။

## ၂၀၂၁ အောက်တိုဘာလ ၂၂ ရက်

- တနင်္သာရီတိုင်း၊သရက်ချောင်းမြို့နယ်တွင် အမျိုးသား(၃)ဦးကို စစ်ကောင်စီတပ်ဖွဲ့က အင်အားသုံး ဖမ်းဆီးခဲ့သည်။
- ရန်ကုန်တိုင်း၊လှည်းကူးမြို့နယ်တွင် တစ်ပတ်အတွင်း ပြည်သူ (၆) ဦး ဖမ်းဆီးခံခဲ့ရသည်။
- မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ ရေကြည်အုပ်စု၊ ဇီးဖြူပင်ရွာအနီးတွင် အကြမ်းဖက်စစ်ကောင်စီ တပ်ဖွဲ့များ ဝင်ရောက်စီးနင်း သတ်ဖြတ်ခဲ့သည့် ရုပ်အလောင်း (၅) လောင်း တွေ့ရှိခဲ့သည်။
- ပဲခူးတိုင်း၊ ဥသျှစ်ပင်မြို့နယ်၊ ညောင်ခြေထောက်ရွာက လက်နက်စက်ရုံဝင်းမြေတွင် တောင်သူလုပ်နေ သည့် ဒေသခံများမောင်းထုတ်ခံခဲ့ရသည်။
- ချင်းပြည်၊ ဟားခါးမြို့မှ ထန်တလန်မြို့သို့သွားသည့် ဝပ်ရှော့တစ်ခုနှင့် သုသာန်မှ အလုပ်သမားများကို စကစမှ ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် စစ်ကြောင်းနှင့်ခေါ်ဆောင်သွားခဲ့သည်။
- စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ ဗအိုးကျေးရွာကို စကစနှင့် ပျူစောထီးအဖွဲ့ဝင်တွေက ဝင်ရောက် ပစ်ခတ်ခဲ့ရာ ဒေသခံ (၂) ဦး အသက်ဆုံးရှုံးခဲ့ပြီး (၁) ဦး ခြေထောက်မှန်ခဲ့သည်။

- စစ်ကိုင်းတိုင်း၊တန့်ဆည်မြို့နယ်၊ကံထူးမကျေးရွာအဝိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့များက ရမ်းသမ်း ပစ်ခတ်ခဲ့သောကြောင့် ဆိုင်ကယ်ဖြင့် ဈေးထွက်ဝယ်သူ ကိုအေးမင်းရင်ဘတ်ကျည်ထိမှန် သေဆုံး ခဲ့သည်။
- ကရင်နီပြည်၊ဒီမော့ဆိုလ်ရဲစခန်းအနောက်ဘက်ဘုန်းကြီးကျောင်းတွင်တပ်စွဲသော စစ်ကောင်စီတပ်က မြို့တွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်သဖြင့် နေအိမ်များပျက်စီးခဲ့သည်။
- တနင်္သာရီတိုင်း၊တနင်္သာရီမြို့နယ်၊ကေနိကျေးရွာအုပ်စု၊ဝက်ချောင်းဒေသခံ(၁)ဦးကို စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေ ပစ်သတ်ခဲ့ပြီး အလောင်းကို နေအိမ်ရှေ့မှာ လာပစ်သွားခဲ့သည်။
- မန္တလေးတိုင်း၊မတ္တရာမြို့နယ်၊ကျောက်ဆည်လေးကျေးရွာတွင် နွားရောင်းပြီးပြန်လာသည့် တောင်သူ တစ်ဦးကို စကစတပ်သားများမှ ဝိုင်းရိုက်နှက်ပြီး ငွေကျပ်လေးသိန်း လုယက်သွားခဲ့သည်။
- တနင်္သာရီတိုင်း၊လောင်းလုံး-ထားဝယ်ကားလမ်းမကြီးပေါ်ရှိပန္နလဲကျေးရွာ လက်ဖက်ရည်ဆိုင်အတွင်း သို့ စစ်ကောင်စီနှင့် ပျူစောထီးအဖွဲ့များက အရပ်ဝတ်များဖြင့် လာရောက်ပစ်ခတ်ပြီး ဦးနေနေနှင့် ဦးအုန်းနီတို့ သေဆုံးကာ (၄) ဦး ဒဏ်ရာရရှိခဲ့သည်။
- စစ်ကိုင်းတိုင်း၊ ပုလဲမြို့နယ်တွင် စကစတပ်က အသက်မပြည့်သည့် လူငယ်(၂) ဦး ကို ဖမ်းဆီးပြီး ငွေကျပ် (၁၅) သိန်း ဖြင့် ရွေးခိုင်းခဲ့သည်။
- စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ရွှေစာရေးကျေးရွာကို စစ်ကောင်စီတပ်များက ဝင်ရောက်စီးနင်းခဲ့ပြီး ကျေးရွာသား (၃) ဦးကို ပစ်သတ်ခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၂၃ ရက်

- ကချင်ပြည်၊ ပူတာအိုမြို့နယ်၊ ဇီးအွန်အုပ်စု အင်ရိုဘော့ကျေးရွာတွင် စစ်ကောင်စီတပ်သားများ၏ ပြင်းထန်စွာရိုက်နှက်ခြင်းခံခဲ့ရသည့် လူငယ်(၁)ဦး အောက်တိုဘာ(၁၉)ရက်နေ့တွင် သေဆုံးသွား ခဲ့သည်။
- ချင်းပြည်၊မတူပီမြို့နယ်၊ရေဇွာမြို့အတွင်းသို့ စကစမှ လက်နက်ကြီးဖြင့် ပစ်ခတ်ရာ လူနေရပ်ကွက် အတွင်းကျရောက်ပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရခဲ့သည်။
- စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ပလိုင်းကျေးရွာတွင် ကိုအောင်စံသူ၊ကိုဇော်အပါအဝင်ကျေးရွာသား(၃) ဦး ကိုစစ်တပ်က ပစ်သတ်ခဲ့သည်။
- စစ်ကိုင်းတိုင်း၊ဝက်လက်မြို့မှာ အသက်(၂၀)အရွယ် ဉာဏ်ရည်မသန်စွမ်းသူ(၁)ဦးကို စကစက ပစ်သတ်ပြီး အလောင်းဖျောက်ဖျက်လိုက်ကြောင်း သိရသည်။
- ထင်ရှားတဲ့(၈၈)မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုဂျင်မီ ဖမ်းဆီးခံခဲ့ရသည်။

## ၂၀၂၁ အောက်တိုဘာလ ၂၄ ရက်

- မန္တလေးတိုင်း၊စဥ့်ကိုင်မြို့နယ်၊ ဖလုံကျေးရွာတွင် လူငယ်နှစ်ဦး ဆိုင်ကယ်စီးနင်းလာစဥ် စစ်ကောင်စီတပ်က ရပ်ခိုင်းရာ မရပ်ပေးသဖြင့် သေနတ်ဖြင့်ပစ်ရာ တစ်ဦးသေဆုံးကြောင်းသိရသည်။
- ရှမ်းပြည်နယ်၊မိုးဗြဲမှာ အကြမ်းဖက်စစ်ကောင်စီက လက်နက်ကြီးအပါအဝင်သေနတ်များဖြင့် ရမ်းသမ်းပစ်ခတ်လို့ ပြည်သူ(၆) ဦးထိမှန်ပြီး (၁) ဦး သေဆုံးခဲ့သည်။
- မွန်ပြည်၊သထုံခရိုင်အတွင်း ညနက်ပိုင်းတွင် NLD ရုံး ဗုံးတိုက်ခိုက်ခံခဲ့ရသည်။
- စစ်ကောင်စီတပ်က ထောင်ထားသော မိုင်းနင်းမိပြီး CDF ထန်တလန်တပ်ဖွဲ့ဝင် (၂) ဦး သေဆုံးခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၂၅ ရက်

- ချင်းပြည်၊ဖလမ်းမြို့နယ်၊ရမ်ထလိုကျေးရွာထဲတွင် အကြမ်းဖက်စစ်ကောင်စီတပ်များ အောက်တိုဘာ (၂၃)ရက်နေ့က ညအိပ်စခန်းချပြီး ရွာထဲက အိမ်များကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။
- မွန်ပြည်၊သထုံမြို့နယ်၊ ထုံးဘိုလေးဘုန်းကြီးကျောင်း၌ တပ်စွဲထားသော စစ်သားများ လက်နက်ကြီးဖြင့် ပစ်ခတ်သောကြောင့် ကျေးရွာအတွင်း နေအိမ်ပျက်စီးခဲ့သည်။
- တနင်္သာရီတိုင်း၊ထားဝယ်မြို့တွင်စစ်ကောင်စီစစ်တပ်ကအလိုရှိသူမပန်းအိဖြူကို လာရောက်ဖမ်းဆီးရာ မတွေ့သဖြင့် မိခင်ဖြစ်သူ ဒေါ်မာမာသက်၊ ၇နှစ် အရွယ် ကလေးငယ် အပါအဝင် မိသားစုဝင်အားလုံးကို စစ်ကောင်စီတပ်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။ အောက်တိုဘာ ၂၄ ရက်နေ့ နံနက် ၈နာရီခန့် တွင်လည်း ဒေါင်းငူရပ်ကွက်၊ အောင်သုခလမ်းတွင် နေထိုင်သော မပန်းအိဖြူ၏ မောင်နှမများဖြစ်ကြသည့် မောင်အောင်သက်ဖြိုး(ခ)သားကြီးနှင့် အစ်မဖြစ်သူ မသက်သက်လှိုင် အပါအဝင် ၇နှစ်အရွယ်သားငယ်လေးကိုပါ စစ်ကောင်စီတပ်က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။
- ရန်ကုန်တိုင်း၊လှိုင်မြို့နယ်၊RC2တက္ကသိုလ်ဝင်းထဲတွင်နေ့လယ် (၁၂:၄၆)နာရီခန့်က ပစ်ခတ်မှုဖြစ်ပွားပြီး ကားတစ်စီးကို စစ်ကောင်စီအရပ်ဝတ်စစ်သားများ လိုက်ပါသောကား(၂) စီးက ညှပ်၍ ပစ်ခတ်ဖမ်းဆီးသွားကြောင်း သိရသည်။
- ရှမ်းပြည်၊မိုးဗြဲအခြေစိုက် ခမရ ၄၂၂ တပ်ရင်းမှ မိုးဗြဲမြို့အတွင်းရှိ လူနေရပ်ကွက်များသို့ လက်နက်ကြီး (၁၀) လုံး ထက်မနည်း ပစ်ခတ်ခဲ့ခြင်းကြောင့် အသက်(၄၄)နှစ်ဝန်းကျင်အရွယ် အမျိုးသမီးတစ်ဦးမှာ ဦးခေါင်းထိမှန်ဒဏ်ရာဖြင့်သေဆုံးခဲ့ရသည်။ထို့အပြင် အသက်မပြည့်သေးသူ ကလေးနှစ်ဦး အပါအဝင် ငါးဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

- စစ်ကိုင်းတိုင်း၊အရာတော်မြို့နယ်၊ရှောက်ခါးကျေးရွာကို အောက်တိုဘာ(၂၄)ရက်နေ့ ညနေပိုင်းက စစ်ကောင်စီတပ်အင်အား(၅၀) လောက် မွှေနှောက်ရှာဖွေစစ်ဆေးပြီး နေအိမ်အချို့ကို မီးရှို့ ဖျက်ဆီးပြီး နွားတစ်ကောင်ကို သေနတ်နဲ့ပစ်သတ်သွားခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၂၆ ရက်

- တနင်္သာရီတိုင်း၊ထားဝယ်မြို့တွင် ပျူစောထီးအဖွဲ့ဝင်များက အကြမ်းဖက်စစ်ကောင်စီထောက်ခံပွဲ မလိုက်ရင် သတ်မယ်ဟု ပြည်သူများအား ခြိမ်းခြောက်ခဲ့သည်။
- ကရင်နီပြည်၊ဒီးမော့ဆိုမြို့နယ်၊ စံပြ(၆)မိုင်ရှိ ကတ်သလစ်ဘုရားကျောင်းကို အကြမ်းဖက်စစ်ကောင်စီ တပ်များက ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ဖျက်ဆီးမှုများပြုလုပ်ခဲ့သည်။
- ချင်းပြည်၊ဖလမ်းမြို့နယ်ရှိ တားလ်ကျေးရွာကို အကြမ်းဖက်စစ်ကောင်စီတပ်များ မီးရှို့ဖျက်ဆီးခဲ့ရာ နေအိမ်(၈)လုံးပြာကျခဲ့သည်။
- တနင်္သာရီတိုင်း၊ထားဝယ်မြို့တွင် စစ်ကောင်စီတပ်က လမ်းသွားလမ်းလာများကို တယ်လီဖုန်းများ စစ်ကာစစ်ဆေးရာက အသက် (၂၀) ဝန်းကျင်အရွယ် လူငယ်(၃) ဦးဖမ်းဆီးခံရသည်။
- ချင်းပြည်နယ်၊ဖလမ်းမြို့နယ်၊ ထလန်ရောန်ရွာရှိ လူနေအိမ်များကို စစ်ကောင်စီတပ်ကဖျက်ဆီးခဲ့သည်။
- စစ်ကိုင်တိုင်း၊ ဝက်လက်မြို့နယ်၊ ရုံးပင်ကုန်းကျေးရွာကို စစ်ကောင်စီတပ်တွေ အိမ်စီးကား(၃) စီးနဲ့ လာရောက်ပြီး နေအိမ်(၁၀) လုံး လောက်ကို ဖျက်ဆီးသွားခဲ့သည်။
- မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ်၊ အမှတ် (၂) ရဲစခန်းရှေ့တွင် ဗုံးပေါက်ကွဲပြီးနောက် ညနေပိုင်းတွင်မြို့ခံ လူငယ်အယောက်(၂၀)ဦး ခန့်ကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။
- မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ နန်းဦးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်ဝင်းရဲ့ နေအိမ် ပရိဘောပတွေကို ပျူစောထီးအဖွဲ့ဝင်တွေက ရိုက်ချိုးဖျက်ဆီးကာ ငွေကြေးအချို့ကို ယူဆောင် သွားခဲ့သည်။
- မန္တလေးတိုင်း၊မြင်းခြံမြို့နယ်၊ဂေါင်းကွဲရွာမှာ လင်မယားစကားများရန်ဖြစ်ချိန် စစ်ကောင်စီ တပ်သားတွေ လာရောက်ရိုက်နှက်ခဲ့တာကြောင့် တစ်ယောက်သေဆုံးသွားခဲ့သည်။
- ရှမ်းပြည်တောင်ပိုင်း၊ဖယ်ခုံမြို့မှာစစ်ကောင်စီတပ်ကရပ်ကွက်များအတွင်းသို့ ရမ်းသမ်းပစ်ခတ်ခဲ့သည်။
- မွန်ပြည်နယ်၊မော်လမြိုင်မြို့တွင် စစ်ကောင်စီထံ ခံဝန်ထိုးထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ(NLD) မော်လမြိုင်မြို့နယ်၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်နွယ်နွယ်အောင် နေအိမ်တွင် ဖမ်းဆီးခံရသည်။
- ပဲခူးတိုင်း၊ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာကျေးရွာကို အကြမ်းဖက်စစ်ကောင်စီတပ်တွေက မနက်(၄) နာရီလောက်ကဝင်ရောက်စီးနင်းပြီးဒေသခံလူငယ်(၁)ဦးကို ပစ်သတ်ခဲ့ကြောင်းသိရသည်။

- ရောဝတီတိုင်း၊ငါးသိုင်းချောင်းမြို့မှာ စစ်ကောင်စီက သေနတ်နဲ့ရမ်းသန်းပစ်ခတ်မှုကြောင့် သံဃာတော် (၁) ပါး ပျံလွန်တော်မူပြီး ကိုရင်တစ်ပါးဒဏ်ရာရခဲ့ကြောင်း သိရသည်။

## ၂၀၂၁ အောက်တိုဘာလ ၂၇ ရက်

- ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်မှာ မနက်(၁၁) နာရီ ဝန်းကျင်က စကစမှ လူငယ်တစ်ဦးကို သေနတ်နဲ့ ပစ်သတ်ခဲ့ကြောင်းသိရသည်။
- ရောဝတီတိုင်း၊မအူပင်မြို့နယ်မှာ စစ်ကောင်စီက ဒေသခံတွေကို ဖမ်းဆီးတာ၊ပစ္စည်းလုယက်တာတွေ ပြုလုပ်နေကြောင်း သိရသည်။
- ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ အကျဉ်းထောင်တွင် စစ်ကောက်စီက ပုဒ်မ ၅၀၅ (က)ဖြင့် မတရားဖမ်းဆီးထားသော အသက်(၆၈)နှစ်အရွယ် ဦးအင်ဟုတ်သေဆုံးခဲ့ကြောင်း သိရသည်။
- စစ်ကိုင်းတိုင်း၊အရာတော်မြို့နယ်တွင် အကြမ်းဖက်စစ်ကောင်စီတပ်များက ရှောက်ခါးကျေးရွာနှင့် အနီးတဝိုက်ကျေးရွာများရှိပြည်သူနေအိမ်များကိုဝင်ရောက်မွှေနှောက်ကာ မီးရှို့ဖျက်ဆီးခဲ့သည်။
- ရန်ကုန်တိုင်း၊လှိုင်သာယာမြို့တွင်ဂတ်(စ်)ဆိုင်ရှေ့ရပ်ထားသောYBS(20)ယာဥ်ပေါ် ဗုံးပေါက်မှုဖြစ်ခဲ့ပြီး လူငယ်(၄) ဦးဖမ်းဆီးခံရသည်ဟု သိရသည်။
- ရန်ကုန်တိုင်း၊ဒေါပုံမြို့နယ်၊ စာတိုက်လမ်းမှာ အိမ်ငှားနေတဲ့ ကချင်လူငယ်(၂)ဦးကို အောက်တိုဘာလ ၂၆ ရက်နေ့ ညပိုင်းက စကစတပ်များ လာရောက်ဖမ်းဆီးသွားကြောင်း သိရသည်။
- တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ အရှေ့မော်တုန်းရွာတွင် NLD လူငယ်အဖွဲ့ဝင်တစ်ဦး ကိုမင်းမင်းသူ (ခ) ဟာနိ အား စကစမှ ဖမ်းဆီးခေါ်ဆောင်သွားပြီး စစ်ကြောရေးတွင် သေဆုံးသွားကြောင်း သိရသည်။
- တနင်္သာရီတိုင်း၊သရက်ချောင်းမြို့နယ် NLDပါတီရုံး အောက်တိုဘာ(၂၇) ရက်နေ့ မနက် အစောပိုင်းက မီးရှို့ခံရကြောင်း သိရသည်။

## ၂၀၂၁ အောက်တိုဘာလ ၂၈ ရက်

- ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊မေတ္တာညွန့်ရပ်ကွက်ရှိ မာလာနွယ်လမ်းတွင် စစ်ကောင်စီတပ်က သေနတ်ပစ်ဖောက်ကာ လူငယ်(၂)ဦးအား ဖမ်းဆီးသွားခဲ့သည်။
- မန္တလေးမြို့တွင်စစ်ကောင်စီချိတ်ပိတ်ထားတဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)တိုင်းရုံး ဗုံးဖောက်ခွဲခံရကြောင်း သိရသည်။
- စစ်ကိုင်းတိုင်း၊တန့်ဆည်မြို့နယ်နှင့်ကျွန်းလှမြို့နယ်အတွင်း စစ်ကောင်စီက စစ်ရဟတ်ယာဥ်များဖြင့် ပစ်ခတ်သွားကာ ဂျက်တိုက်လေယာဥ် ပျံသန်းမှုများလည်း ရှိကြောင်း သိရသည်။

- စစ်ကိုင်းတိုင်း၊ရေဦးမြို့၊ ချမ်းသာရွာမှ ပြည်သူ(၁၅) ဦးကို စစ်ကောင်စီက ဖမ်းဆီးစစ်ဆေးခဲ့သည်။
- ရှမ်းပြည်နှင့်ကရင်နီပြည်အစပ်ဖယ်ခုံမြို့နယ်၊ရွှေပြည်အေးကျေးရွာရှိရွာသား(၁၉)ဦးကို မျက်လုံးများပိတ်ပြီး လူသားဒိုင်းအဖြစ် စစ်ကောင်စီတပ်က ဖမ်းဆီးထားသည်။
- ရှမ်းပြည်တောင်ပိုင်း၊ဖယ်ခုံမြို့နယ်ရှိ ရွှေပြည်အေးကျေးရွာကို စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက ရွာမီးရှို့မယ်လို့ သတင်းကြားရတဲ့အတွက် ကျေးရွာဒေသခံတွေ ရွာကိုစွန့်ခွာပြေးနေရကြောင်း သိရသည်။
- စစ်ကိုင်းတိုင်း၊ တည်ဆည်မြို့နယ်ရှိ ကာပေါင်းကျကျေးရွာကို စစ်ကောင်စီတပ်များက ငါးကြိမ်မြောက်မီးရှို့ဖျက်ဆီးခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၂၉ ရက်

- ဧရာဝတီတိုင်း၊ပုသိမ်မြို့၊အမှတ်(၅)ရပ်ကွက်မှာရှိတဲ့ NLDပါတီ မြို့နယ်ရုံးကို စကစမှ လာရောက်မိုင်းခွဲဖျက်ဆီးသွားခဲ့သည်။
- ကချင်ပြည်၊မိုးညှင်းအမတ်ကို လာရှာတာဆိုပြီး စကစတပ်သားများက ချမ်းသာရွာကို မွှေနှောက်သွားကာရွာသား(၁၅) ဦးကို ကနဦး ဖမ်းဆီးပြီး စစ်ဆေးခဲ့ကာ အချို့ကိုသာ ပြန်လွှတ်ပေးခဲ့သည်။
- တနင်္သာရီတိုင်း၊တနင်္သာရီမြို့နယ်၊အရှေ့မော်တုန်းကျေးရွာမှ စစ်ကောင်စီတပ်သားများ ဖမ်းဆီးသွားသည့် NLDအဖွဲ့ဝင် လူငယ် (၁) ဦး နှင့် အမျိုးသမီး (၃) ဦးအနက် လူငယ် (၁)ဦး သေဆုံးခဲ့သည်။
- ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ ရေလဲကလေးရွာက ရွာသား(၅) ဦးကို စကစက ဖမ်းဆီးပြီး ငွေများကိုလည်း သိမ်းဆည်းမှုပြုလုပ်ခဲ့သည်။
- စစ်ကိုင်းတိုင်း၊ကန့်ဘလူခရိုင်၊ကျွန်းလှမြို့၊အင်ကြင်းမြိုင်ရပ်ကွက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးမီးရှို့ဖျက်ဆီးခံလိုက်ရကြောင်း သိရသည်။
- စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်အတွင်းရှိ ကုန်တင်ရေယာဥ်ပေါ်ပါ ဆီပေပါ(၄)လုံးနှင့် ငွေကျပ်(၁၀)သိန်းကိုအကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များကခားပြတိုက်ယူဆောင်သွားကြောင်း သိရသည်။
- မကွေးတိုင်း၊မကွေးမြို့တွင် ထောင်မှလွတ်လာသူနိုင်ငံရေးအကျဥ်းသားကိုကျော်နိုင်ထွန်းကို စစ်တပ်က ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။
- ရန်ကုန်မြို့တွင် သားဖြစ်သူကို PDF ဟုဆိုပြီး ဖမ်းမမိသဖြင့် ဖခင်ဖြစ်သူ ဦးမျိုးလွင်ကို စစ်တပ်က သတ်ဖြတ်ခဲ့ကြောင်းသိရသည်။
- ရှမ်းပြည်၊မိုးဖြဲတွင် စစ်ကောင်စီက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသား (၁)ဦး ထပ်မံသေဆုံးခဲ့ပြီး (၆) နှစ် အရွယ် ကလေးငယ်တစ်ဦး ဦးခေါင်းဒဏ်ရာရရှိခဲ့သည်။

## ၂၀၂၁ အောက်တိုဘာလ ၃၀ ရက်

- စစ်ကိုင်းတိုင်း၊ခင်ဦးမြို့နယ်၊ကုလားလူးရွာသို့ စကစတပ်သားများဝင်ရောက်လာပြီး အပြစ်မဲ့ပြည်သူ (၁)ဦး အပစ်ခံရကာ ပြည်သူ(၈) ဦး ကိုလည်း ဖမ်းဆီးထားကြောင်း သိရသည်။
- ချင်းပြည်၊ဟာခါးမြို့ရှိ ချင်းအမျိုးသားတပ်ဦး CDFခေါင်းဆောင်လည်းဖြစ်၊ NUG ဝန်ကြီးလည်းဖြစ်သူ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၏နေအိမ်ကို စကစက အဓမ္မချိတ်ပိတ် သိမ်းဆည်းလိုက်ကြောင်း သိရသည်။
- မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ကျင်းကျေးရွာရှိ နေအိမ်များကို စစ်ကောင်စီတပ်များက ဝင်ရောက်ဖျက်ဆီးကာ အဖိုးတန်ပစ္စည်းများယူသွားကြောင်း သိရသည်။

## ၂၀၂၁ အောက်တိုဘာလ ၃၁ ရက်

- ကရင်နီပြည်၊ဒီးမော့ဆိုမြို့နယ်၊ငူးပလေ့ရပ်ကွက်တွင် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြည်သူ (၂) ဦးအား ပစ်သတ်ပြီး အိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့သည်။
- မွန်ပြည်၊မော်လမြိုင်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပုံးခွဲ ဖျက်ဆီးခံခဲ့ရကြောင်း သိရသည်။
- ကရင်နီပြည်၊ ဒီးမော့ဆိုမြို့နယ်၊ ငူးပလေ့ကျေးရွာရှိ အိမ်များမှ ရိက္ခာပြန်လာသယ်သည့် ဒီးမော့ဆို စစ်ရှောင်အချို့အား စစ်ကောင်စီတပ်က ပစ်ခတ်ရာ စစ်ရှောင်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။
- ရှမ်းပြည်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်တွင် ခရီးသွားသော ကတ်သလစ်ဘုန်းတော်ကြီး တစ်ပါးအား စစ်ကောင်စီတပ်က PDFများကို ထောက်ပံပေးနေသူဟု စွပ်စွဲကာ/ပစ်သတ်ဖို့ ကျည်ဆံတစ်ထောင့်ပဲ လိုမယ်ဟု သေနတ်ထောက်ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း သိရသည်။
- ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ ဝက်ထီးကန်နယ်မြေရှိ လွှစင်အုပ်စုအုပ်ချုပ်ရေးမှူး ကိုအေးစိုး အသတ်ခံရမှု ဖြစ်ပြီးနောက် စကစတပ်က ရွာကိုဝင်စီးသဖြင့် ရွာသားများ ထွက်ပြေးတိမ်းရှောင်နေကြရကြောင်း သိရသည်။
- စစ်ကိုင်းတိုင်း၊ကန့်ဘလူမြို့နယ်၊အင်ငုတ်တိုကျေးရွာက တောင်သူတစ်ဦးအလောင်းကို စကစတပ်သားများက လယ်ကွင်းထဲ ပစ်သွားကြောင်းသိရသည်။

## ၂၀၂၁ နိုဝင်ဘာလ ၁ ရက်

- မကွေးတိုင်း၊တောင်တွင်းကြီးမြို့က အာဏာဖီဆန်CDMမှာ ပါဝင်သူတွေကိုရဲနဲ့စစ်တပ်က အင်အား အလုံးအရင်းနဲ့လိုက်လံဖမ်းဆီးရာမှာ ဖမ်းမမိလို့ မိသားစုတွေကို ဓားစာခံအဖြစ် ဖမ်းသွားကြောင်း သိရသည်။

- မကွေးတိုင်း၊ချောက်မြို့နယ်၊ငွေးပင်ကျေးရွာမှ ဘော်ဒါကျောင်းအုပ်ကိုဖြိုးဝေထွန်းကို စစ်တပ်က ညှဥ်းပန်းသတ်ဖြတ်ပြီး အလောင်းဖျောက်ဖျက်ခဲ့ကာ ညီ(၂)ဦးမှာ လည်းစစ်ကြောရေးတွင် ဖမ်းဆီး ခံထားရပြီး အသက်အန္တရာယ်စိုးရိမ်နေရကြောင်း သိရသည်။
- စစ်ကိုင်းတိုင်း၊မြောင်မြို့နယ်နှင့်ရေစကြိုမြို့နယ် ထိစပ်ဒေသရှိ မြစ်ဆုံ၊ မြစ်သာ၊ ရွှေလုံ၊ သုခတိပ၊ ဆင်လျောင်ကျေးရွာများ အတွင်းသို့ အရပ်ဝတ်စစ်ကောင်စီအဖွဲ့ဝင်များက ဝင်ရောက်စီးနင်းကာ ပြည်သူ(၁)ဦးကို ပစ်သတ်ပြီး (၁၅)ဦး ဖမ်းဆီးသွားကာ ထောင်နဲ့ချီတဲ့ရွာသားတွေထွက်ပြေး နေရကြောင်း သိရသည်။

## ၂၀၂၁ နိုဝင်ဘာလ ၂ ရက်

- ကချင်ပြည်တွင်အသက်(၂၀)နှစ်အရွယ် ကိုသန်းထိုက်ဇင်ကို မြစ်ကြီးနားအကျဥ်းထောင်မှ ပြန်လည် လွှတ်ပေးပြီးနောက် (၁၅)ရက်အကြာတွင် စစ်ကောင်စီက ဆိုင်ကယ်လုယက်သည်ဟုစွပ်စွဲကာ ရမ်ပူရပ်ကွက်ရှိ နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။
- စစ်ကိုင်းတိုင်း၊ မုံရွာမြို့ဘုရားနီလမ်း (အာဇာနည်လမ်း) ထောင့်တွင် လူငယ်(၃) ဦး မောင်းနှင်လာသော ဆိုင်ကယ်ကိုတားရာမှရပ်မပေးသဖြင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များက လိုက်လံပစ်ခတ်ရာ(၃) ဦးစလုံး နေရာတွင် သေဆုံးခဲ့သည်။
- တနင်္သာရီတိုင်း၊လောင်းလုံမြို့နယ်၊စစ်ပြဲရွာမှာရှိတဲ့ ထားဝယ်ခရိုင်သပိတ်ကော်မတီဝင် ကိုဝေယံစိုးရဲ့ နေအိမ်ကို အကြမ်းဖက် စစ်ကောင်စီတပ်တွေ လာရောက်ပြီး မီးရှို့ဖျက်ဆီးခဲ့သည်။
- စစ်ကိုင်းတိုင်း၊ခင်ဦးမြို့နယ်၊သရက်ကန်ကျေးရွာတွင် ပြည်သူ(၃)ဦးကို အကြမ်းဖက်စစ်ကောင်စီတပ် များက နိုဝင်ဘာ(၁)ရက်နေ့တွင် ပစ်သတ်သွားကြောင်း သိရသည်။

## ၂၀၂၁ နိုဝင်ဘာလ ၃ ရက်

- ကချင်ပြည်၊ဖားကန့်မြို့နယ် ၊ဆိပ်မူ(ဆိုင်းတောင်)ကျေးရွာအုပ်စု၊ ရှမ်းကုန်းဈေးတွင် နေထိုင်သည့် လူငယ်နှစ်ဦးကို နိုဝင်ဘာ(၁) ရက်နေ့ည(၈) နာရီခန့်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ရိုက်နှက် ဖမ်းဆီးသွားသည့်အပြင် ဖမ်းဆီးခံရသူကို ဖုန်းဆက်ခိုင်းကာ အခြားလူငယ်တစ်ဦးကိုလည်း ထပ်မံ ဖမ်းဆီးသွားကြောင်း သိရသည်။

- စစ်ကိုင်းတိုင်း၊ကလေးမြို့နယ်၊ ချောင်းခွရွာတွင် စစ်ကောင်စီတပ်များက မီးရှို့ဖျက်ဆီးသဖြင့် လူနေအိမ် လေးလုံး၊ဆိုင်ကယ်ပြင်ဆိုင်တစ်ခုနှင့်စပါးကျီ တစ်လုံး မီးလောင်ဆုံးရှုံးလိုက်ရကြောင်း သိရသည်။
- ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်မြို့၊ ဟိုမွန်ရပ်၊ ကချင်ဈေးအနီး လမ်းမပေါ်မှာ နိုဝင်ဘာ(၂) ရက် နေ့ ညနေ(၄:၁၅)မိနစ်ခန့်က အမျိုးသား(၁)ဦး ပစ်သတ်ခံရကြောင်း သိရသည်။
- မန္တလေးတိုင်း၊ကျောက်ဆည်ခရိုင်၊စဉ့်ကိုင်မြို့နယ်၊ ရွာဘိုကျေးရွာမှ အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှု CDM တွင် ပါဝင်သည့် ကျောင်းဆရာဦးဝင်းလွင်ကို စစ်တပ်က နိုဝင်ဘာ(၁) ရက် နံနက်ပိုင်းတွင် ဖမ်းဆီးသွားပြီးနောက် နိုဝင်ဘာ(၂) ရက်နေ့တွင် သေဆုံးသွားပြီး အလောင်းကို သဂြိုလ်လိုက်ပြီဟု မိသားစုကို အကြောင်းကြားလာကြောင်း သိရှိရသည်။
- အကြမ်းဖက်စစ်တပ်က စစ်ကိုင်းတိုင်းအတွင်းရှိ ကလေး-ဂန့်ဂေါကားလမ်းကြောင်းကို ပြန်လည် စိုးမိုးနိုင်ရန်ကြိုးစားနေပြီးလမ်းဘေးပတ်လည်ရှိ ကျေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်နေကာ အမျိုးသမီး တစ်ဦး လက်နက်ကြီးထိမှန်သေဆုံးသွားကြောင်း သိရှိရသည်။
- စစ်ကိုင်းတိုင်း၊ကလေးမြို့တောင်ဘက်(၁၅) မိုင်ခန့်အကွာရှိ နတ်ချောင်း၊ နတ်မြောင်း၊ ဟဲလုပ်၊ ချောင်းခွကျေးရွာများအတွင်းသို့ အကြမ်းဖက်စစ်ကောင်စီတပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်နေပြီး ကျေးရွာသားများအားလုံး ထွက်ပြေးနေရကြောင်း သိရှိရသည်။
- ရှမ်းပြည်၊အကြမ်းဖက်စစ်ကောင်စီတပ်မှ ဖယ်ခုံမြို့နယ်၊လွယ်ဝဲ့ကျေးရွာအတွင်းရှိ ပြည်သူ့နေအိမ်များ ကို မီးရှို့ခဲ့ကြောင်း သိရသည်။

## ၂၀၂၁ နိုဝင်ဘာလ ၄ ရက်

- ရှမ်းပြည်တောင်ပိုင်း၊ဖယ်ခုံမြို့နယ်ရှိလွယ်ဟွဲကျေးရွာကို စစ်ကောင်စီစစ်ကြောင်းက မီးရှို့ခဲ့သော ကြောင့် နေအိမ်သုံးလုံး မီးလောင်သွားကြောင်း သိရသည်။

## ၂၀၂၁ နိုဝင်ဘာလ ၅ ရက်

- စစ်ကိုင်းတိုင်း၊မော်လိုက်ခရိုင်၊မော်လိုက်မြို့နယ်၊ထော်သာကျေးရွာအုပ်စု၊ထော်သာကျေးရွာ အနီး နားတွင် ရွှေရှာဖွေနေကြသည့် ရွှေမျောပိုင်ရှင်များထံမှ စစ်ကောင်စီတပ်များက ဆက်ကြေးကောက်ခံ လျက်ရှိကြောင်း သိရသည်။

- စစ်ကိုင်းတိုင်း၊တန့်ဆည်မြို့ရှိ စစ်ကောင်စီတပ်များ တပ်စွဲထားသော အထက(၂) ကျောင်းအနီး တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီးနောက်စစ်တပ်ကပစ်ခတ်မှုများလုပ်ဆောင်ရာ(၂)နှစ်အရွယ်ကလေးငယ်၏မိခင် မမေဇင်ကျော် ကျည်ထိမှန်သေဆုံးသွားကြောင်း သိရှိရသည်။
- အကြမ်းဖက်စစ်ကောင်စီက နိုင်ငံတစ်ဝန်းတွင် တက္ကသိုလ်ကျောင်းသားများနှင့်ပြည်သူများကို ဆက်တိုက်ဖမ်းဆီးနေပြီး အခြေခံအလုပ်သမားသမဂ္ဂ ဥက္ကဋ္ဌကိုသွင်အောင် ပုဒ်မ၅၀၅ (က) ဖြင့် ထောင် (၃)နှစ်ချမှတ်ခံရပြီး၊ ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ အတွင်းရေးမှူးဟောင်း ကိုစည်သူအောင်တင်လည်းထောင်(၁၀)နှစ်ချမှတ်ခံရကြောင်း သိရသည်။
- နိုဝင်ဘာ(၅)ရက်နေ့မနက်(၇:၃၀)နာရီခန့်က ရန်ကုန်၊စမ်းချောင်းမြို့နယ် ဗဟိုလမ်းပေါ် Pizzamaru ဆိုင်ရှေ့မျက်နှာချင်းဆိုင်တိုက်ခန်း(၄)လွှာမှအမျိုးသားတစ်ဦးကိုစစ်ကောင်စီတပ်များ ရိုက်နှက်ဖမ်းဆီးသွားကြောင်း သိရသည်။
- ရှမ်း-ကရင်နီနယ်စပ်၊ဖယ်ခုံမြို့နယ်၊ခေါင်းအိကျေးရွာဘက်တွင် တိုက်ပွဲအဆက်မပြတ် ဖြစ်ပွားနေပြီး အကြမ်းဖက်စစ်ကောင်စီတပ်ကလက်နက်ကြီးဖြင့်ရမ်းသန်းပစ်ခတ်သောကြောင့်ကျေးရွာနေပြည်သူများ၏အိုးအိမ်ပျက်စီးခဲ့ကြောင်း သိရသည်။
- စစ်ကိုင်းတိုင်း၊ချောင်းဦးမြို့နယ်၊ရွှေလှေကျေးရွာသို့ အကြမ်းဖက်စစ်ကောင်စီတပ်က သေနတ်များ ပစ်ခတ်ဝင်ရောက်လာကြောင်း သိရသည်။
- ရန်ကုန်တိုင်း၊စမ်းချောင်းမြို့နယ်၊ဗဟိုလမ်းရှိသားအဖနှစ်ဦးကို စစ်တပ်ကရိုက်နှက်ဖမ်းဆီးသွားခဲ့သည်။
- ပဲခူးတိုင်း၊ ပြည်ခရိုင် ပန်းတောင်းမြို့နယ်နေ ရန်ကုန်ပညာရေး တက္ကသိုလ် ကျောင်းသား နှင့် မိခင်ဖြစ်သူကို PDF များကို ငွေကြေးထောက်ပံ့သည်ဟုဆိုကာ စစ်ကောင်စီက ဖမ်းဆီးသွားသည်။
- စစ်ကိုင်းတိုင်း၊မုံရွာမြို့၊ပေ(၈၀)လမ်းနှင့်သာစည်လမ်းထောင့်တွင်ရှိသည့် (၁၂)ပွဲဈေးသည်အထည်ရောင်းသူကိုကျော်ဇင်ထွန်း(ခ)ကိုဝတိုကို အကြမ်းဖက်စစ်ကောင်စီများက ဝင်ရောက်ဖမ်းဆီးသွားကြောင်း သိရသည်။

## ၂၀၂၁ နိုဝင်ဘာလ ၆ ရက်

- စစ်ကိုင်းတိုင်း၊အရာတော်နှင့်တန့်ဆည်မြို့တို့မှာ စစ်တပ်က အပြစ်မဲ့ပြည်သူတွေကို ဖမ်းဆီးရိုက်နှက်နေပြီး ရေသန့်စက်ပိုင်ရှင်တစ်ဦးလည်း သေနတ်နဲ့ပစ်သတ်ခံရကြောင်း သိရသည်။
- မန္တလေးမြို့ရှိနာမည်ကြီးမြင့်မြင့်ခင်ထိုးမုန့်ပိုင်ရှင်၏နေအိမ်ကိုစစ်ကောင်စီတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းခဲ့ကြောင်း သိရသည်။

- ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ်မှ ပရဟိတသမား(၅)ဦးအပါအဝင် ပြည်သူ(၈)ဦးကို စစ်တပ်က ဖမ်းဆီးသွားကြောင်း သိရသည်။
- မကွေးတိုင်း၊မြိုင်မြို့နယ်၊အိုးဘိုကျေးရွာရှိ ယာခင်းမှပဲကောက်ပြန်လာသူ အမျိုးသမီး(၂) ဦးနှင့် အမျိုးသား(၃) ဦးကို သတ်ဖြတ်သွားကြောင်း သိရသည်။
- မွန်ပြည်၊ရေးမြို့တွင် သံသယရှိတဲ့သူ(၆)ဦးကို စစ်ကောင်စီက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။
- ချင်းပြည်၊ထန်တလန်မြို့၊မီးရှို့ခံရမှုနှင့်ပတ်သက်ပြီး ကဗျာရေးသားသည်ဟုဆိုကာ မြောင်းမြမြို့ အခြေစိုက်သတင်းထောက်တစ်ဦးကို စစ်ကောင်စီမှ ဖမ်းဆီးသွားခဲ့သည်။